# ကျမ်းဦးအမှာ

ဗုဒ္ဓ၏ မူလမြတ်ဒေသနာများသည် အကြောင်းအရာတစ်ခုတည်းကို စူးစိုက်လေ့လာရသည့်စာအုပ်များ၊ စာအုပ်တစ်ခုတည်းမှာပါဝင်သည့်အခန်းများ၊ ပညာရှင်စာတမ်းများနှင့် စွယ်စုံကျမ်းလာခေါင်းစဉ်များဟူသောပုံစံများဖြင့် ကြာလေအထင်ကြီးစရာဖြစ်လေဖြစ်သော ပညာဉာဏ်၏ အစုအဝေးတို့ ကျက်စားရာနယ်ပယ်ဖြစ်သည်။ ဗုဒ္ဓ၏ မူလမြတ်ဒေသနာများကို ကောင်းစွာသဘောပေါက်နားလည်စေရန်အတွက် အကောင်းဆုံးနည်းလမ်းသည် စိတ်ပိုင်းဆိုင်ရာ ထာဝရတည်မြဲခြင်း (သဿတဝါဒ) နှင့် ပျက်သုဉ်းခြင်းရုပ်ဝါဒ (ဥစ္ဆေဒဝါဒ) ဟူသော လောကအယူဝါဒတို့အကြား ဒွိစုံဆန့်ကျင်မှု (binary opposition) ကို တုံ့ပြန်သည့်သဘောတရားအနေဖြင့် နားလည်ခြင်းဖြစ်သည်ဟူသော ရပ်တည်ချက်ကို ဤစာအုပ်က စွဲကိုင်ထားပါသည်။

ရှေးဦးစွာ သဿတဝါဒဟူသည် ရုပ်ခန္ဓာမှ သီးခြားဖြစ်သောအတ္တကို ရုပ်လွန်အနေအားဖြင့် ရှုမြင်သောဝါဒ (metaphycial - view) ဖြစ်၍ တစ်ဖန် ဥစ္ဆေဒဝါဒဟူသည် အတ္တကို ရုပ်အားဖြင့် ရှုမြင်သောဝါဒ (physical - view) ဖြစ်သည်။ မြတ်စွာဘုရားမိန့်ကြားတော်မူသကဲ့သို့ပင် ဤအတွေးအခေါ်ဆိုင်ရာအယူဝါဒနှစ်ခုသည် လူ့အတွေးအခေါ် သမိုင်းတစ်လျှောက်လုံးတွင် အမြဲရှိနေသောသဘော ရှိသည်။

သို့ဖြစ်သောကြောင့် မြတ်စွာဘုရား၏ မူလမြတ်ဒေသနာတော်ကို အမြဲဖြစ်ပေါ်နေသည့် အယူဝါဒနှစ်ခုတို့၏အကြားရှိ အချင်းချင်းဆန့်ကျင်ဘက်ကို ကျော်လွန်သည့် အလယ်အလတ်အမြင်ကို ကိုယ်စားပြုသည့်အနေဖြင့် ကျွန်ုပ်တို့ နားလည်ဖို့လိုအပ်ပါသည်။ ပဋိစ္စသမုပ္ပါဒ်တရားဒေသနာတော်ကိုပင် 'မဇ္ဈိမဒေသနာတော်' (middle doctrine) ဟုခေါ်ဝေါ်သတ်မှတ်ကြလျှင် အကြောင်းမှာ ထိုပဋိစ္စသမုပ္ပါဒ်တရားဒေသနာတော်သည် သဿတဝါဒနှင့် ဥစ္ဆေဒဝါဒတို့မှ အသီးအခြားဖြစ်တည်နေသောကြောင့်ဖြစ်သည်။ အလားတူပင် မဂ္ဂင်ရှစ်ပါး တရားဒေသနာတော်ကို 'မဇ္ဈိမပဋိပဒါ' (middle - path) ဟုခေါ်ဝေါ်သတ်မှတ်လျှင် အကြောင်းမှာ ထိုမဂ္ဂင်ရှစ်ပါး တရားဒေသနာတော်သည် သဿတ ဥစ္ဆေဒဟူသော အတွေးအခေါ် အယူဝါဒဆိုင်ရာနှစ်မျိုးနှင့် ဆက်စပ်လျက်ရှိသည့် ကာမသုခလ္လိကာနုယောဂနှင့် အတ္တကိလမထာနုယောဂဟူသော အစွန်းရောက်ကျင့်စဉ်နှစ်မျိုးတို့မှ သီးခြားအလွတ်ဖြစ်နေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် သဘောတရား (ပဋိစ္စသမုပ္ပါဒ်)နှင့် လက်တွေ့ကျင့်စဉ် (မဇ္ဈိမပဋိပဒါ) အားဖြင့် မူလမြတ်ဒေသနာတော်သည် အလယ်အလတ်အမြင် (middle - position) ကို ဖော်ပြလျက်ရှိသည်။

မူလဗုဒ္ဓဝါဒတွင် အလယ်အလတ်ဖြစ်ခြင်းဆိုသည်မှာ အလွန်အကျွံမဖြစ်အောင် ထိန်းချုပ်နိုင်ခြင်းကို မဆိုလို။ အစွန်းနှစ်ဖက်ကို ညှိယူခြင်းမျိုးလည်း မဟုတ်။ ထိုအစွန်းနှစ်ပါးကိုလက်ခံ၍ အတူတကွပေါင်းစပ်ခြင်းမျိုးလည်း မဟုတ်ပေ။ မြတ်စွာဘုရားကိုယ်တော်တိုင် မိန့်ကြားခဲ့သော အလယ်အလတ်ဖြစ်ခြင်း (မဇ္ဈိမ) ဆိုသည်မှာ မည်သည့်အစွန်းနှင့်မျှ မကပ်ငြိနေခြင်း (ဉဘော အန္တေ အနုပဂမ္မ) ပင်ဖြစ်သည်။ တစ်နည်းသော်ကား အလယ်အလတ်ဖြစ်ခြင်းဆိုသည်မှာ အချင်းချင်း ဆန့်ကျင်ဘက်အစွန်းနှစ်ပါးမှ လွတ်မြောက်ကျော်လွန်နေမှုဖြစ်သည်။

ဗုဒ္ဓဝါဒက သဘောတူလက်ခံထားသော အလယ်အလတ်လမ်းစဉ်နှင့်ပတ်သက်၍ အခြားသောအစွန်းရောက်ဝါဒများစွာလည်း ရှိပါသေးသည်။ ထိုဝါဒတို့မှာ အလုံးစုံရှိမှု (သဗ္ဗံ အတ္ထိ) နှင့် အလုံးစုံမရှိမှု [သဗ္ဗံ နတ္ထိ၊ ဧကဝါဒ (သဗ္ဗံ ဧကတ္တံ)] နှင့် ဗဟုဝါဒ (သဗ္ဗံ ပုထုတ္တံ)၊ ပြဋ္ဌာန်းခံဝါဒနှင့် အကြောင်းမဲ့ဝါဒ၊ သယံကတဝါဒနှင့် ပရံကတဝါဒ စသည်တို့ဖြစ်သည်။ ထိုသို့ အစွန်းရောက်ဝါဒများစွာ ကွဲပြားနေသော်လည်း ကျန်သော တခြားအစွန်းရောက်မှုတို့သည် ဤကျမ်းတစ်လျှောက်တွင် ကျွန်ုပ်တို့ တွေ့မြင်ရလိမ့်မည်ဖြစ်သည့်အတိုင်း သဿတဝါဒနှင့် ဥစ္ဆေဒဝါဒဟူသော အစွန်းနှစ်ပါးခေါင်းစဉ်အောက်၌သာ အကျုံးဝင်နေကြသည်။

အထက်ဖော်ပြပါ လေ့လာသုံးသပ်ချက်အရ ''သစ္စာတရားသည် အစွန်းနှစ်ဖက်ရှိသည့်အနက် တစ်ဖက်ဖက်၌ မတည်ရှိပါဘဲ အလယ်တွင်တည်ရှိနေမှသာ အကျိုးအကြောင်း ယုတ္တိတန်ပါမည်လော'' ဟူသော မေးခွန်းတစ်ခု ဖြစ်ပေါ်လာသည်။ ဤမေးခွန်းကိုဖြေဆိုရာတွင် မှတ်ချက်နှစ်ခု ပြုပါသည်။ ပထမမှတ်ချက်မှာ မြတ်ဗုဒ္ဓ၏ မူလဒေသနာတော်ဟောပြောချက်များတွင် မည်သည့်နေရာမှာမှ သစ္စာတရားသည် အလယ်အလတ်အနေအထားမှာ ရှိကိုရှိရမည်ဟု မဆိုထားခြင်းပင်ဖြစ်သည်။ တခြားသော မှတ်ချက်မှာ ဗုဒ္ဓဘာသာသည် အလယ်အလတ်အနေအထားကို သဘောတူလက်ခံခဲ့လျှင် ထိုသို့လက်ခံခြင်း၌ အလယ်အလတ်ဖြစ်ရုံမျှဖြင့် မဟုတ်၊ မှန်ကန်သောရပ်တည်ချက်ဖြစ်သောကြောင့်သာဖြစ်သည်။

သို့ဖြစ်လျှင် အလယ်အလတ်ကျသော အနေအထားကို အဘယ်သို့သော အနက်အဓိပ္ပာယ်ဖြင့် အမှန်တရားဟု ကျွန်ုပ်တို့ နားလည်အပ်ပါသနည်း။ အထက်မှာဖော်ပြသကဲ့သို့ပင် ဗုဒ္ဓဘာသာသည် အတ္တ၏ဝိညာဉ်ဖြစ်ခြင်းဝါဒနှင့် ရုပ်သက်သက်ဖြစ်ခြင်းဝါဒနှစ်မျိုးလုံးတို့ကို အမှန်အဖြစ်ယူဆထားခြင်းမရှိပေ။ ယင်းအတ္တဝါဒနှစ်မျိုးလုံးကို ကောင်းစွာရှောင်ရှားခြင်းဖြင့်သာ ဗုဒ္ဓဘာသာသည် အလယ်အလတ်လမ်းစဉ်ဝါဒတစ်ခုအနေဖြင့် ပေါ်ပေါက်လာပြီး ထိုဖြစ်ပေါ်လာခြင်းအတွက် တခြားမည်သည့်အကြောင်းပြချက်မှ မရှိပါ။

အလယ်အလတ်သဘောတရား မဇ္ဈိမဒေသနာ၏ ရှင်းလင်းသောအယူအဆသဘောဆိုသည်မှာ အခြားသောအယူဝါဒရှိသူတို့က ခံစားပြုလုပ်သူ၏ အရှိတရားကို 'အတ္တဇီဝ' တစ်ခုအနေဖြင့် ခိုင်မာစွာယူဆနေချိန်တွင် ဗုဒ္ဓသည် ထိုအတ္တ၌ အရှိတရားကိုပင် စိန်ခေါ်ခံ၍ ပြုလုပ်သူကတ္တားနှင့် ပြုခံရသူကံဟူသော ဒွိတ္တသဘောကို ငြင်းပယ်မှု မပြုဘဲ ပြုလုပ်သူကတ္တားနှင့် ပြုခံရသူကံ၊ သိမြင်သူနှင့် သိမြင်သည့်အရာဟူသော အရာဝတ္ထုတို့ကို လှုပ်ရှားနေသောဖြစ်စဉ်များအဆင့်သို့ လျှော့ချခဲ့သည်။ ခံစားပြုလုပ်သူနှင့် ခံစားသိသည့်အရာဟူသော အယူသဘောကို ပယ်ဖျက်ခြင်းသည် ဒဏ္ဍာရီအတွေ့အကြုံ အစိတ်အပိုင်းဖြစ်ပြီး ထိုသဘောတရားတို့ကို မြတ်ဗုဒ္ဓ၏ဒေသနာတော်၌ မတွေ့ရပေ။ ကျွန်ုပ်တို့ယုံကြည်သည်မှာ ဤသို့သော အလယ်အလတ်ရပ်တည်မှုအနေအထားကို ထည့်သွင်းစဉ်းစားမှသာလျှင် ဗုဒ္ဓဝါဒပေါ်ထွန်းလာမှု၏အကြောင်း၌ ကောင်းစွာနားလည်နိုင်ရုံမျှမက ပဋိစ္စသမုပ္ပါဒ်ဒေသနာ၊ အနတ္တဒေသနာ၊ ကိုယ်ကျင့်သီလနှင့်သက်ဆိုင်သော သီအိုရီနှင့် ကျင့်သုံးမှု၊ လူမှုပြဿနာများကို အကဲဖြတ်ချက်၊ အဖြေမပေးသော အဗျာကတ မေးခွန်းများ၊ အယူဝါဒများအပေါ် ဗုဒ္ဓ၏ ဝေဖန်ဆန်းစစ်မှုနှင့် ဗုဒ္ဓဘာသာ၏ နောက်ဆုံးပန်းတိုင်နိဗ္ဗာန်စသော အရေးပါသော အခြေခံဒေသနာများကို ကောင်းစွာနားလည်နိုင်စေပါသည်။

ကျွန်ုပ်တို့ ဤစာအုပ်တစ်လျှောက် ပြသခဲ့သည့်အတိုင်း ဗုဒ္ဓ၏တရားဒေသနာတော်များသည် စိတ်ပိုင်းဆိုင်ရာ ထာဝရတည်မြဲခြင်းဝါဒ (သဿတ) နှင့် ပျက်သုဉ်းခြင်းဝါဒ (ဥစ္ဆေဒ) ဟူသော လောကအယူဝါဒနှစ်မျိုးတို့ကို စွန့်ခွာရာ၌ အရေးပါအရာရောက်လာကြပါသည်။ ဤအချက်သည် ဗုဒ္ဓဘာသာဆိုင်ရာဒေသနာတော်များကို ညီညွတ်စွာ စုစည်းမှုနှင့် အကြောင်းအရာအလိုက် ရှေ့နောက်ညီညွတ်မှုကို ဖော်ဆောင်ပေးနေခြင်းဖြစ်သည်။

ဤလက်ရှိစာအုပ်သည် ဗုဒ္ဓစာပေပါဠိတော်လာ သုတ္တန္တပိဋကကို အဓိကအနေဖြင့် အခြေခံထားပါသည်။ သို့သော် မြတ်ဗုဒ္ဓ၏ မူလဒေသနာတော်များကို ဖွင့်ဆိုရှင်းလင်းရာ၌ လိုအပ်သည့်အခါများတွင် ပါဠိတော်ထက်နောက်ကျသောကျမ်းများ၊ အဖွင့်အဋ္ဌကထာဋီကာကျမ်းများကိုလည်း ကြည့်ရှုကိုးကားသွားမည်ဖြစ်ပါသည်။

**ဝိုင် ကရုဏာဒသ**
ဗုဒ္ဓဘာသာလေ့လာရေးဌာန
ဟောင်ကောင်တက္ကသိုလ်
၁၊ ဩဂုတ်လ၊ ၂၀၁၃